# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

January 11, 2019 | Volume 15, Number 7


**၁၁.၁.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၂၉၆ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၄၈၅၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၂၇/ကျပ် |
| CBM Rate | = ၁၅၃၁/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၆၁.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၃၂.၇ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၅၂.၈ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၁၂.၈ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၉၉.၉ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၅.၅၃ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၇၃၁ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၆.၉၁ကျပ် |
| မလေးရှားရင်းဂစ် | = ၃၇၃.၃၇ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၇.၉၁၁ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၁
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com


## ရော်ဘာအထွက် ၃၀% လျှော့စေကြောင်း ရော်ဘာပင်တွေကို ခုတ်ဖို့ ထိုင်းတို့ ပုဆိန်ဆွဲကိုင်နေပြီ

ကမ္ဘာ့ရော်ဘာတင်ပို့မှုအများဆုံးနိုင်ငံဖြစ်တဲ့ ထိုင်းနိုင်ငံက နောင်လာမယ့် ၅ နှစ်အတွင်း ထုတ်လုပ်မှု ၃၀% လျှော့ချပြီး ၂၀၁၆ ကတည်းက အနိမ့်ဆုံးဈေးဖြစ်နေခဲ့တဲ့ ရော်ဘာဈေးနှုန်းကိုမြှင့်တင်ရန် ကြိုးပမ်းမှုနေပါတယ်။ ထိုင်းနိုင်ငံက ရော်ဘာအပင်အိုတွေကိုခုတ်လှဲပြီး အခြားအပင်တွေနဲ့ အစားထိုးကာ ရော်ဘာပိုလျှံနေမှုကို ကိုင်တွယ်ဖြေရှင်းမယ်လို့ စိုက်ပျိုးရေးဝန်ကြီး ဂရီဆဒါ ဘွန်းရာ့ချ်ကပြောပြပါတယ်။ သူတို့ရဲ့ ပန်းတိုင်က ယခု လက်ရှိ ရော်ဘာအထွက် တန် ၄.၅ သန်းမှနေ၍ တန် ၃ သန်းထိ လျှော့ချ ဖို့ပါ။ စိုက်ပျိုးဧရိယာ ဟက်တာ ၄.၂ သန်းရှိနေရာမှ ဟက်တာ ၂.၄ သန်းထိ လျှော့ချဖို့ပါပဲလို့ ဘန်ကောက်မှ အင်္ဂါနေ့မှာ ပြုလုပ်တဲ့ အင်တာဗျူးတခုမှာ ပြောသွားပါတယ်။

ပြီးခဲ့တဲ့ ၈ နှစ်အတွင်း ရော်ဘာတွေ ကမျောသောပါးစိုက်လိုက်ကြတာ အထွက်နှုန်းက တခိမ့်လိမ့်တက်လာကာ ဈေးနှုန်းက ၅၀% ကျော် ကျဆင်းသွားတာကြောင့် ကမ္ဘာ့ရော်ဘာစိုက်သူတွေ အတော်ရုန်းကန် နေကြရပါတယ်။ ကမ္ဘာ့စီးပွားရေးကားအားမကောင်း၊ ရော်ဘာတုလုပ်တဲ့ ရေနံဈေးကပြိုကျနဲ့ ရော်ဘာဝယ်လိုအားကိုခြိမ်းခြောက်နေတော့တယ်။ ထိုင်း၊ အင်ဒိုနီးရှားနဲ့ မလေးရှားတို့ ဒီလနောင်းပိုင်းမှာ တွေ့ကြပါဦးမယ်။ ဈေးနှုန်းကိုထောက်ပံ့ပေးဖို့ စီမံချက်တွေကို ဆုံးဖြတ်ချက်ချဖို့ပါပဲ။ ဒါပေမယ့် ဈေးကိုပြန်ထောင်မတ်လာစေဖို့ အိတ်စပို့လျှော့ချတဲ့ ယခင် ကြိုးပမ်းမှုကမအောင်မြင်ခဲ့ပါဘူး။ ရည်မှန်းချက်ပြည့်မီသည်အထိ သက်တမ်း ၂၅ နှစ်ခန့်ရှိအပင်တွေကို နှစ်စဉ် ဟက်တာ ၃၀၀၀၀၀ ကျော် ခုတ်သွာဖို့ အာဏာပိုင်တွေက စီစဉ်နေပါတယ်လို့ ဂရီဆဒါကပြောပါတယ်။ ထိုင်းနိုင်ငံရဲ့ ရော်ဘာအာဏာပိုင် Rubber Authority of Thailand ရဲ့ အဆိုပြုချက်နဲ့ အညီဖြစ်တဲ့ ဒီစီမံကိန်းဟာ ဒီဆယ်စုနှစ်စောစောပိုင်းကာလက ရော်ဘာအထွက်အဆင့်ကို ပြန်ရောက်စေပါလိမ့်မယ်။ ရေတိုစီမံချက်နဲ့ ဈေးနှုန်းကိုမြှင့်တင်ဖို့လဲ ထိုင်းပြည်တွင်းရော်ဘာအသုံးကို မြှင့်တင်ဖို့စီမံချက်လည်း လုပ်ဆောင်နေပါတယ်။

ရော်ဘာကို လက်အိတ်လုပ်ငန်းမှာ သုံးရုံနဲ့ ပမာဏအတော်များများကို လျှော့ချနိုင်မှာမဟုတ်တော့၊ လမ်းခင်းလုပ်ငန်းမှာ အသုံးပြုဖို့ကအဓိကဖြစ်နေပါတယ်။ ယခုလက်ရှိမှာတော့ ထွက်သမျှရဲ့ ၉၀% ခန့်ဟာ အိတ်စပို့ဈေးကွက်အတွက်ဖြစ်နေပါတယ်။ "One Village, One Kilometer တရွာတကီလိုမီတာ" အစီအစဉ်က ရွာငယ်ပေါင်း ၇၅၀၀၀ ရှိတဲ့ ထိုင်းနိုင်ငံအဖို့

ကျောက်ခင်းလမ်းတွေကို ရော်ဘာခင်းလမ်းအဖြစ် အစားထိုးခင်းဖို့ အားပေးအားမြှောက်ပြုနိုင်ပါ့မယ်။ ယခင်က ထိုင်းမှာ One Village, One Product တရွာ ထုတ်ကုန်တမျိုး ထုတ်တဲ့ စီမံကိန်းကို ထိုင်းဘုရင် ဦးဆောင်လုပ်ခဲ့တာ အလွန်အောင်မြင်ခဲ့တာ ယခုလက်တွေ့မြင်နေရကြောင်းသိရသည်။ ရော်ဘာသုံးလမ်းခင်းတာဟာ ကတ္တရာထက်ကို ကြာရှည်ခံတယ်။ ပြင်းထန်တဲ့ ရာသီဥတုဒဏ်ကိုလည်းခံနိုင်တယ်လို့ ဂရိဆဒါကပြောပါတယ်။ ရွေ့ပြေးစီမံကိန်း ၁၂ ခုရှိတယ်။ ဝန်ကြီးဌာနက စီရင်စု တခုစီမှ ကိုယ်စားလှယ်တွေကို ရော်ဘာလမ်းခင်းခြင်းလုပ်ငန်းနဲ့ပတ်သက်လို့ ဇနနာဝါရီ ၁၁ ရက်နေ့မှာ ရှင်းလင်းပြောကြားပါ့မယ်။ ဒီစီမံကိန်းအနေနဲ့ ရော်ဘာတန်ချိန် တသန်းကျော် သုံးရမယ်လို့ မျှော်လင့်ထားတယ်။ ဒီပမာဏဟာ ထိုင်းနိုင်ငံရဲ့ နှစ်စဉ်ရော်ဘာအထွက်ရဲ့ ၄ ပုံ ၁ ပုံခန့်ရှိကြောင်းသိရသည်။

**Source: Bloomberg.com**

## iPhone ထုတ်လုပ်မှု ၁၀ ရာခိုင်နှုန်းလျှော့ချဖို့ Apple စီစဉ်နေဟု သတင်းထွက်ပေါ်

လာမယ့် သုံးလတာကာလအတွင်း iPhone သစ်ထုတ်လုပ်မှုကို ၁၀ ရာခိုင်နှုန်းမျှအထိ လျှော့ချထုတ်လုပ်သွားဖို့ Apple ကုမ္ပဏီဘက်က စီစဉ်နေလျက်ရှိကြောင်း Nikkei Asian Review သတင်းဌာနကဖော်ပြပါတယ်။ ဒါဟာ ယင်းရဲ့သုံးလပတ် အရောင်းမျှော်မှန်းချက်ကို ကုမ္ပဏီကလျှော့ချခန့်မှန်းထားခဲ့ပြီးနောက် သီတင်းပတ် တစ်ပတ်အကြာမှာပဲ ခုလိုဖုန်းလျှော့ချထုတ်မယ့်သတင်းလည်း ထပ်မံထွက်ပေါ်လာခဲ့တာဖြစ်ပါတယ်။

လာမယ့် သုံးလပတ်ထဲမှာ ထုတ်လုပ်မယ့်ဖုန်းအလုံးရေကို မူလစီစဉ်ထားတဲ့ ပမာဏအောက်လျှော့ချပြီး ထုတ်လုပ်ကြဖို့ ဒီဇင်ဘာလတုန်းက Apple က ယင်းရဲ့ suppliers တွေကို ပြောကြားထားခဲ့ပြီးဖြစ်တယ်လို့ အမည်မဖော်လိုသူ သတင်းရင်းမြစ်တွေကို ကိုးကားပြီး Nikkei က ဖော်ပြပါတယ်။ ဒီလိုမျိုး စမတ်ဖုန်းတွေကို မူလစီစဉ်ထားတာထက်လျှော့ချဖို့ လုပ်ဆောင်တာဟာ Apple အတွက်ကတော့ နှစ်လအတွင်းဒါဟာ ဒုတိယအကြိမ်မြောက် လုပ်ဆောင်ခြင်း ဖြစ်တယ်လို့လည်း Nikkei က ဖော်ပြပါတယ်။ ယခုလို အလုံးရေလျှော့ချမယ့် အစီအစဉ်အောက်မှာပါဝင်တဲ့ ဖုန်းတွေထဲမှာတော့ နောက်ဆုံးထုတ်မော်ဒယ်တွေဖြစ်ကြတဲ့ XS Max ၊ XS နဲ့ XR တို့လည်း ပါဝင်မှာဖြစ်ကြောင်းသိရပါတယ်။

**Source:** https://www.cnbc.com/…/apple-reportedly-planning-to-cut-iph…

## Singtel Dash e-payment စနစ်နဲ့အတူ စင်ကာပူရောက် မြန်မာတွေ ငွေပို့ငွေလွှဲဝန်ဆောင်မှုတွေ အသုံးပြုနိုင်

စင်ကာပူမှာရောက်ရှိနေတဲ့ မြန်မာနိုင်ငံသားတွေအနေနဲ့ လာမယ့်မတ်လကနေစလို့ စင်ကာပူတယ်လီကွန်မြူနစ်ကေးရှင်းကုမ္ပဏီ Singtel ရဲ့ မိုဘိုင်းငွေပေးချေမှု ပလက်ဖောင်း Dash ကိုအသုံးပြုပြီး ငွေလွှဲငွေပို့မှုတွေပြုလုပ်နိုင်တော့မှာဖြစ်ကြောင်းသိရပါတယ်။ ဇန်နဝါရီ ၉ ရက်က အဆိုပါ Singtel နဲ့ ကုလသမဂ္ဂငွေကြေးအရင်းအနှီးဖွံ့ဖြိုးရေးရန်ပုံငွေအဖွဲ့ UNCDF တို့အကြား လက်မှတ်ထိုးခဲ့တဲ့သဘောတူညီချက်သစ်တစ်အရ ယခုအစီအစဉ်ကို ဖော်ဆောင်မှာဖြစ်ပြီး စင်ကာပူရောက် မြန်မာတွေအနေနဲ့ Singtel Dash e-payment စနစ်ကို သုံးပြီးမြန်မာနိုင်ငံထံ ငွေလွှဲငွေပို့မှုတွေလုပ်နိုင်တော့မှာဖြစ်ပါတယ်။

ဒ့ါအပြင် မြန်မာနိုင်ငံမှာ ငွေလက်ခံထုတ်ယူမယ့်သူတွေအတွက်လည်း လုံခြုံစိတ်ချစွာနဲ့ အခကြေးငွေသက်သာစွာ ထုတ်ယူသွားနိုင်ရေးအလို့ငှာ Singtel ဘက်က မြန်မာနိုင်ငံတွင်းက ဘဏ်တွေ၊ အခြားငွေအလွှဲအပြောင်းလုပ်ငန်းတွေနဲ့ အတူလက်တွဲလုပ်ကိုင်သွားမှာ ဖြစ်တယ်လို့သိရပါတယ်။ ဒါဟာ မြန်မာနိုင်ငံသားတွေအတွက် နည်းလမ်းတကျရှိပြီး တရားဝင်ဖြစ်တဲ့ငွေလွှဲငွေပို့ ချန်နယ်မျိုးကို အဆင့်မြင့်မြင့်အသုံးပြုသွားနိုင်ရေးအတွက် ယခုလို လုပ်ဆောင်သွားမှာဖြစ်ကြောင်း Singtel ကပြောပါတယ်။ လက်ရှိအချိန်မှာတော့ စင်ကာပူကနေ လွှဲလိုက်တဲ့ငွေတွေကို လက်ခံထုတ်ယူကြတဲ့ မြန်မာနိုင်ငံက ပြည်သူအများစုအနေနဲ့ တရားဝင်မဟုတ်တဲ့ လိုင်စင်မရှိ အေးဂျင့်တွေကနေ တဆင့်ထုတ်ယူနေရတာပြီး ယင်းကမလိုအပ်ဘဲ အချိန်ကြာမြင့်သလို လုံခြုံစိတ်ချရခြင်းမရှိဘဲ စရိတ်စကလည်း ကြီးမားနေတယ်လို့သိရပါတယ်။ ကမ္ဘာ့ဘဏ်အစီရင်ခံစာတစ်ရပ်အရ ၂၀၁၇ တုန်းက နိုင်ငံရပ်ခြားမှာ သွားရောက်အလုပ်လုပ်ကိုင်နေတဲ့ မြန်မာနိုင်ငံသားတွေ အိမ်ကိုပြန်ပို့တဲ့ ငွေကြေးပမာဏဟာ ကန်ဒေါ်လာ ၆ ဒသမ ၂ ဘီလီယံထိရှိခဲ့တယ်လို့သိရပါတယ်။ လက်တလောမှာတော့ စင်ကာပူမှာနေထိုင် ဒါမှမဟုတ် အလုပ်လုပ်နေတဲ့ မြန်မာနိုင်ငံသား ၁၈၀,၀၀၀ ကျော်ရှိနေပါတယ်။

**Source:**https://www.straitstimes.com/…/singtel-dash-e-payment-syste…

## နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်နိုင်ခဲ့သည့် သီလဝါအထူးစီးပွားရေးဇုန်



ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သီလဝါအထူးစီးပွားရေးဇုန်သည် ရန်ကုန်တောင်ဘက်ပိုင်းဒေသများ ဖွံ့ဖြိုးမှုကို မြန်ဆန်စေပြီး ဒေသခံများ၏ အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဖန်တီးပေးနိုင်ခဲ့ကြောင်း သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှသိရသည်။ သီလဝါအထူးစီးပွားရေးဇုန် စတင်အကောင်အထည်ဖော်ချိန်မှစ၍ ယနေ့အချိန်အထိ အလုပ်အကိုင် ဖန်တီးပေးမှုအနေဖြင့် လက်ရှိ ဖွင့်လှစ်လည်ပတ် နေသည့် စက်ရုံပေါင်း ၆၃ ရုံ တွင် စက်ရုံလုပ်သား ၇၀၀၀ ကျော်နှင့် ဇုန်အတွင်း အကောင်အထည်ဖော်နေသည့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် လုပ်သား ၁၅၀၀၀ ခန့်ကို အလုပ်အကိုင်များ ဖန်တီးပေးနိုင်ခဲ့သည်။ ထိုကဲ့သို့ အလုပ်အကိုင်ရရှိခဲ့သည့် လုပ်သားများ၏ လုပ်သားအင်အား ၇၀ ရာခိုင်နှုန်းကျော်သည် သန်လျင်၊ ကျောက်တန်းမြို့နယ်များမှ ဒေသခံများဖြစ်ကြောင်း သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှ သိရသည်။

သီလဝါအထူးစီးပွားရေးဇုန်ဟာ အခြားစက်မှုဇုန်တွေလိုမျိုးမဟုတ်ဘဲ အထူးစီးပွားရေးဇုန်တစ်ခုဖြစ်တာကြောင့် နိုင်ငံတကာစံနှုန်းနဲ့ညီတဲ့ မူဝါဒတွေ၊ လုပ်ထုံးလုပ်နည်းတွေကို ထုတ်ပြန်ကျင့်သုံးဆောင်ရွက်နေပါတယ်။ နိုင်ငံတကာ စံနှုန်းနဲ့ညီတဲ့ မူဝါဒတွေ၊ လုပ်ထုံးလုပ်နည်းတွေကို အခြားအထူးစီးပွားရေးဇုန်တွေမှာလည်း ကျင့်သုံးနိုင်ဖို့အတွက် စံနမူနာကောင်းတွေ ဖန်တီးပေးနေပါတယ်။ စံနမူနာကောင်းတွေကို တခြားအထူးစီးပွားရေးဇုန်တွေမှာသာမက အထူးစီးပွားရေးဇုန်ပြင်ပမှာပါ ကျင့်သုံးလာနိုင်မှာဖြစ်တဲ့အတွက် နိုင်ငံမှာကောင်းမွန်တဲ့ ကြိုတင်သိရှိနိုင်တဲ့ လွယ်ကူချောမွေ့စေရန် ပံ့ပိုးနိုင်တဲ့ ဖော်ရွေတဲ့ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်းတွေကို ဖန်တီးပေးနိုင်မှာဖြစ်ကြောင်း သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးဆက်အောင်ကပြောသည်။ သီလဝါအထူးစီးပွားရေးဇုန်တွင် ယခုလအတွင်း စက်ရုံသုံးရုံထပ်မံဖွင့်လှစ်သွားမည်ဖြစ်ကြောင်းသိရှိရပြီး ပြီးခဲ့သည့်နှစ်အတွင်း စက်ရုံပေါင်း ၂၄ ရုံ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ကြောင်း သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီမှသိရသည်။

ထို့ပြင် သီလဝါအထူးစီးပွားရေးဇုန်တွင် ယနေ့အချိန်ထိ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံရှိပြီး၊ နိုင်ငံပေါင်း ၁၈ နိုင်ငံမှ ရင်းနှီးမြှုပ်နှံသည့်ကုမ္ပဏီပေါင်း ၁၀၃ ခုရှိကြောင်းသိရသည်။ သီလဝါအထူးစီးပွားရေးဇုန်ကနေ နိုင်ငံတော်ရဲ့စီးပွားရေးတိုးတက်မှုအတွက် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုတွေကို ဖိတ်ခေါ်နိုင်ခဲ့ပါတယ်။ နိုင်ငံတော်ရဲ့ အခွန်ဘဏ္ဍာတွေ တိုးတက်ရရှိခဲ့ပါတယ်။ Export တွေတိုးတက်လာသလို Import Subs- titution ကိုလည်း လုပ်လာနိုင်ခဲ့တဲ့အတွက် ကုန်သွယ်မှုကဏ္ဍကို တိုးမြှင့်ပေးနိုင်ခဲ့ကြောင်း သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ တွဲဖက်အတွင်းရေးမှူး (၁) ဒေါက်တာ သန်းသန်းသွယ်ကပြောသည်။ ရင်းနှီးမြှုပ်နှံမှုတွေ ရောက်ရှိလာဖို့က အခြေခံအဆောက်အအုံနဲ့ဝန်ဆောင်မှုအပိုင်း ကောင်းကောင်းလုပ်ပေးရမည်ဖြစ်ကြောင်း၊ ဝန်ဆောင်မှုအပိုင်းကတော့ investor တွေကို One Stop Service Center မှာ လာရောက်ထိုင်ပြီး Standard Operating Procedure (SOP)အတိုင်း လုပ်ပေးနေကြောင်း၊ တခြားလိုအပ်တဲ့ Service ကိုတော့ On Call စနစ်နဲ့လုပ်ပေးနေကြောင်း၊ သီလဝါ SEZ ရဲ့ စီမံခန့်ခွဲမှုကော်မတီဟာ Regulator Roleအပြင် Coordinator Role နဲ့

Facilitator Role ကိုပါ လုပ်ပေးနေကြောင်း၊ Service တွေမှာ Transp- arent Predictable ဖြစ်အောင်Investor Friendly နဲ့ International Standard ဖြစ်အောင်လည်းလုပ်ထားကြောင်း၊ Investment Promotion ကိစ္စတွေမှာတော့ ပြည်တွင်း၊ ပြည်ပမှာလည်းလုပ်နေကြောင်း ဒေါက်တာ သန်းသန်းသွယ်ကပြောသည်။ စီးပွားရေးဇုန်သို့ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရန်အတွက် အကောက်ခွန်ဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဦးစီးဌာန၊ ဗဟိုဘဏ်၊ စက်မှုစစ်ဆေးရေးနှင့် ကြီးကြပ်ရေးဦးစီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ အလုပ်သမားဝန်ကြားမှုဦးစီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးကော်ပိုရေးရှင်းနှင့် ပြည်တွင်းအခွန်များဦးစီးဌာနတို့မှ ဌာနပေါင်း ၁၁ ခုပါဝင်သည့် One Stop Service Center ကို သီလဝါအထူးစီးပွားရေးဇုန်တွင် ဖွင့်လှစ်ကာလာရောက်ရင်းနှီးမြှုပ်နှံသူများကို ဝန်ဆောင်မှုပေးလျက်ရှိကြောင်းသိရသည်။ သီလဝါ အထူးစီးပွားရေးဇုန်ကို အပိုင်းနှစ်ပိုင်းခွဲကာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှစတင်ကာ ဇုန်(A)တွင် ၄၀၅ ဟက်တာကို အကောင်အထည်ဖော်ခဲ့ရာ ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၃ ရက်၏တွင် စီးပွားဖြစ်စတင်လည်ပတ်နိုင်ခဲ့ကြောင်းသိရသည်။ ၉၈ ရာခိုင်နှုန်းငှားရမ်းထားအဆိုပါ ဟက်တာများထဲမှ ၃၅ ဟတ်တာကိုResidential and Com- mercial Area အဖြစ် အကောင်အထည်ဖော်ခဲ့ကာ အဆိုပါနေရာတွင် အလုပ်သမားများအတွက် နေစရာ အဆောက်အအုံ၊ Shop house များ၊ ဘဏ်များ၊ ဂျပန်နိုင်ငံမှ Super Hotel ၊ ဆေးရုံ၊ Super Market၊ Shopping Mall တို့ကိုလည်းဆောင်ရွက်သွားရန်ရှိကြောင်းသိရှိရပြီး ယခုအချိန်တွင် သီလဝါအထူးစီးပွားရေးဇုန်(A) တွင် ၉၈ ရာခိုင်နှုန်းငှားရမ်းထားပြီးဖြစ်ကြောင်း သိရသည်။ အလားတူ ဇုန(B)ကို phase (I)၊ phase (II)၊ phase (III)ခွဲ၍ phase (I) နှင့် phase (II) ကို အကောင်အထည်ဖော်ခဲ့ကြောင်း၊ ဇုန်(B) phase (III) ကိုလည်း ထပ်မံတိုးချဲ့ရန် ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဇုန်(B) တွင် ၇၀ ရာခိုင်နှုန်းငှားရမ်းပြီးဖြစ်ကြောင်း သီလဝါအထူး စီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှ သိရသည်။ ဇုန်အတွင်းသာမက ဇုန်ပြင်ပဖွံ့ဖြိုးရေးအနေဖြင့် အခြေခံအဆောက်အအုံများကို ဂျပန်နိုင်ငံ ODA Loan ဖြင့် ဆောင်ရွက်လျက်ရှိပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီတို့ကလည်း ကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ ဇုန်ပြင်ပ အခြေခံအဆောက်အအုံများ အကောင်အထည်ဖော်မှုအပိုင်းအနေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနက သန်လျင်တံတားမှ သီလဝါအထူးစီးပွားရေးဇုန်အထိ လမ်းပိုင်းဆိုင်ရာအဆင့်မြှင့်တင်ခြင်းနှင့် ပဲခူးမြစ်ကူးတံတား တည်ဆောက်မှုအပိုင်းများကို စတင်လုပ်ဆောင်နေပြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနကလည်း 50 MW Substation တစ်ခု တည်ဆောက်လျက်ရှိကြောင်းသိရသည်။ လက်ရှိအချိန်တွင် သီလဝါအထူး စီးပွားရေးဇုန် ရေရရှိရေးအတွက် ဇာမဏီဆည်မှရေကိုရယူနေရပြီး ဆက်လက်ဖွံ့ဖြိုးလာမည့်စီးပွားရေးဇုန်အတွက် ၂၀၁၉ ခုနှစ်ကုန်ပိုင်းတွင် လဂွန်းပြင်ဆည်မှ ရေပေးဝေနိုင်ရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ စီစဉ်ဆောင်ရွက်နေသည်။ သွင်းကုန်ပို့ကုန်များအတွက် ဂျပန် ODA Loan ဖြင့် ဆိပ်ကမ်းတည်ဆောက်ခြင်းလုပ်ငန်းများကို ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်ပြီးဖြစ်ကြောင်းသိရသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS/posts/2205236553050174?__tn__=K-R

## ရှာင်ဒေသ ကော်ဖီသီးနှံ ဝယ်ယူကြိတ်ခွဲရောင်းချရေးအတွက် ပုံပိုးချေးငွေထုတ်ချေး

ရှမ်းပြည်နယ် ရှာင်မြို့နယ်သမဝါယမ အသင်းစုသည် ရှာင်ဒေသရှိ ကော်ဖီသီးနှံများကို ဝယ်ယူကြိတ်ခွဲပြီး ထိုင်းနှင့်မလေးရှားနိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိရာ လိုအပ်သော ငွေကြေးအရင်းအနှီးအတွက် ရှမ်းပြည်နယ်တောင်ပိုင်း၊ အရှေ့ပိုင်းသမဝါယမအသင်းစုချုပ်မှ ငွေကျပ် သိန်း ၁၀၀၀ ထုတ်ချေးနိုင်ရေး သဘောတူစာချုပ်ချုပ်ဆိုခြင်း အခမ်းအနားကို ဇန်နဝါရီ ၈ ရက်က ပြည်နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။ အခမ်းအနားတွင် ပြည်နယ်သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ယုယုအေး၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ အရှေ့ပိုင်းသမဝါယမအသင်း စုချုပ်ဥက္ကဋ္ဌ၊ မြို့နယ်သမဝါယမ ဦးစီးဌာန ဦးစီးအရာရှိ၊ မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌနှင့်အမှုဆောင်များက မြို့နယ်သမ ဝါယမအသင်းစုအတွက် ဒုတိယအကြိမ် ပံ့ပိုးချေးငွေကျပ်သိန်း ၁၀၀၀ ထုတ်ချေးပေးနိုင်ရေးအတွက် သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ရှမ်းပြည်နယ်အတွင်းရှိ သမဝါယမ အသင်း

များ၏ ကုန်ထုတ်၊ ကုန်သွယ်၊ ဝန်ဆောင်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရေး၊ သမဝါယမအသင်းများ ရေရှည်စဉ်ဆက်မပြတ်ခိုင်မာစွာ ရပ်တည်နိုင်ရေးတို့အတွက် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိရာ လိုအပ်သောငွေကြေးအရင်းအနှီးကို ရှမ်းပြည်နယ်တောင်ပိုင်း၊ အရှေ့ပိုင်းသမဝါယမအသင်းစုချုပ်က ထုတ်ချေးပေးခြင်း၊ လိုအပ်သည့်ဈေးကွက်အကူအညီများပေးခြင်း၊ ပြည်တွင်းပြည်ပမှ NGO၊ INGO အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီး နည်းပညာပေးခြင်းတို့ဖြင့် ကူညီပံ့ပိုးပေးလျက်ရှိကြောင်းသိရသည်။ ရွာငံမြို့နယ် သမဝါယမအသင်းစုသည် ကော်ဖီသီးနံ့ကြိတ်ခွဲရောင်းချရာတွင် အသုံးပြုရန်အတွက် ရှမ်းပြည်နယ်တောင်ပိုင်း၊ အရှေ့ပိုင်းသမဝါယမအသင်းစုချုပ်က ပထမအကြိမ်ထုတ်ချေးပေးခဲ့သည့် ပံ့ပိုးချေးငွေ ကျပ်သိန်း ၉၄၀ကို ၂၀၁၈ ခုနှစ် ဖော်ဖော်ဝါရီ ၁၅ ရက်က ပြေကျေစွာပေးဆပ်ခဲ့ပြီး ကော်ဖီသီးနံ့များကို ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံသို့ တင်ပို့ရောင်းချခဲ့ကာ အမြတ်အစွန်းများရရှိခဲ့ကြောင်း သိရသည်။ ရွာငံမြို့နယ်သမဝါယမအသင်းစု အနေဖြင့် အသေးစားအရင်းအနှီးချေး ငွေလုပ်ငန်း၊ ဆန်ဝယ်ယူ ဖြန့်ဖြူးခြင်းလုပ်ငန်းတို့အပြင် ကော်ဖီသီးနံ့ဝယ်ယူကြိတ်ခွဲပြီး ထိုင်းနှင့်မလေးရှားနိုင်ငံသို့ တင်ပို့လျက်ရှိပြီး၊ ယခုအခါ ဒုတိယအကြိမ် ပံ့ပိုးချေးငွေအဖြစ် ငွေကျပ်သိန်း ၁၀၀၀ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ပြည်နယ်သမဝါယမဦးစီးဌာနမှသိရသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS/posts/2205236553050174?__tn__=K-R

## တမူးမြို့ နန်းဖာလုံဈေးမှ မျောက်ငိုသီးဈေးကွက်




မြန်မာ-အိန္ဒိယနယ်စပ် တမူးမြို့ နန်းဖာလုံဈေးရဲ့ နံနက်ခင်းစောစောမှာတော့ အိန္ဒိယနိုင်ငံမှ ကသည်းလူမျိုးတွေ အများဆုံးစားသုံးတဲ့ မျောက်ငိုသီးတွေ အရောင်းသွက်နေပါတယ်။

ပြီးခဲ့သည့်နှစ်က မျောက်ငိုသီးအဝင်များပြီး ဈေးနှုန်းအနည်းငယ်ကျခဲ့တဲ့အတွက် ဒီနှစ်မှာတော့ ပစ္စည်းအဝင်နည်းကာ ဈေးနှုန်းကောင်းမယ်လို့ မြန်မာဘက်က မျောက်ငိုသီးရောင်းချတဲ့ ကုန်သည်တွေ မျှော်လင့်နေကြပါတယ်။

မျောက်ငိုသီးတစ်တောင့်ကို မြန်မာငွေ ၁၀၀ ကျပ်ကနေ ၂၀၀ အထိရှိပြီး အတောင့် ၅၀ ပါအတွဲ တစ်တွဲကိုတော့ မြန်မာငွေတစ်သောင်းကနေ ပစ္စည်းအနေအထားပေါ်မူတည်ပြီး နှစ်သောင်းကျပ်အထိ ကြိုက်ရောင်းကြိုက်ဝယ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်နေတာကိုတွေ့ရပါတယ်။ ရောင်းချတဲ့အခါမှာ တစ်ဖက်နိုင်ငံက အများဆုံးလာရောက်ဝယ်ယူတာဖြစ်တဲ့အတွက် အိန္ဒိယငွေနဲ့သာ အများဆုံးရောင်းချကြပြီး မျောက်ငိုသီးဈေးကွက်ဟာ နှစ်နိုင်ငံနယ်စပ်မှာနေထိုင်ကြတဲ့ ပြည်သူတွေအတွက် နိုင်ငံခြားဝင်ငွေတိုးစေတဲ့ ကုန်သွယ်မှုတစ်ခုလည်းဖြစ်ပါတယ်။

**Source:** https://www.facebook.com/MizzimaDaily/

## တရုတ်နိုင်ငံသို့ နိုင်ငံတစ်နိုင်ငံမှ သစ်သီးများ တင်ပို့ခွင့်ရရှိ

အရှေ့တောင်အာရှသစ်သီးများသည် တရုတ်နိုင်ငံ၏ သစ်သီးတင်သွင်းမှုအများဆုံးဖြစ်ပါသည်။ လက်ရှိတွင် တရုတ်နိုင်ငံ သစ်သီးတင်သွင်းရန် နိုင်ငံတစ်ခုထပ်တိုးခဲ့ပါသည်။ မကြာသေးမီကာလတွင် ကမ္ဘောဒီးယားနှင့် တရုတ်နိုင်ငံအကြား ကမ္ဘောဒီးယားငှက်ပျောသီးတရုတ်နိုင်ငံတင်ပို့ရန် သီးနှံအရည်အသွေးကြီးကြပ်စစ်ဆေးရေးနှင့် ပိုးမွှားကင်းစင်ရေးလိုအပ်ချက် သဘောတူညီစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပါသည်။ ဤသည်မှာ ကမ္ဘောဒီးယား ငှက်ပျောသီးမှ တရုတ်နိုင်ငံ၏ ပိုးမွှားကင်းစင်ရေးစစ်ဆေးချက်များ လုပ်ဆောင်ပြီးစီးကာ တင်ပို့ခွင့်ရရှိနိုင်မည်ကို ရည်ညွှန်းနေခြင်းဖြစ်ပါသည်။ ပထမဦးဆုံး တရုတ်နိုင်ငံသို့ တိုက်ရိုက်တင်ပို့သော သစ်သီးအမျိုးအစားဖြစ်လာနိုင်မည်ဖြစ်သည်။ နွေး သမပိုင်းဒေသတွင် တည်ရှိသော ကမ္ဘောဒီးယားနိုင်ငံသည် ငှက်ပျောတင်ပို့နိုင်ငံဖြစ်သော်လည်း ယခင်က တရုတ်နိုင်ငံနှင့်ကမ္ဘောဒီးယားနိုင်ငံတို့မှာသစ်သီးတင်သွင်းတင်ပို့မှုသဘောတူစာချုပ်ရေးထိုးထားခြင်းမရှိသောကြောင့် နှစ်နိုင်ငံမှ ငှက်ပျောသီးစသည့် သစ်သီးများ ကုန်သွယ်ရေးဖလှယ်မှုမရှိချေ။ယခင်က ကမ္ဘောဒီးယားငှက်ပျောသီးသည်

တရားမဝင်မှောင်ခိုလမ်းကြောင်းဖြင့် ဗီယက်နမ်နှင့်ထိုင်းနိုင်ငံသို့ရောက်ရှိပြီး ထိုမှတစ်ဆင့် တရုတ်နိုင်ငံဈေးကွက်သို့ ဝင်ရောက်လျက်ရှိသည်။

ထိုသို့ပြုလုပ်ခြင်းမှာသယ်ယူပို့ဆောင်မှုကုန်ကျစရိတ်မြင့်သည့်အပြင်တရားမဝင်ပို့ဆောင်ချိန်မတိကျသောကြောင့်ငှက်ပျောသီးများမှာပို့ဆောင်သည့်လမ်းပေါ်မှာပင်ပုပ်သိုးပျက်စီးသွားပြီးကြီးမားသောစီးပွားရေးဆုံးရှုံးနစ်နာမှုများဖြစ်စေခဲ့သည်။ ထို့ကြောင့် ကျွမ်းကျင်ပညာရှင်များ၏ ကြိုတင်ခန့်မှန်းချက်အရ ယခုအကြိမ် တရုတ်နိုင်ငံမှ ကမ္ဘောဒီးယားငှက်ပျောသီးတိုက်ရိုက်တင်သွင်းခြင်းကိုခွင့်ပြုလိုက်ခြင်းအားဖြင့်အရင်းငွေသက်သာစေမည့်အပြင် တင်သွင်းပမာဏမှာ တရားမဝင်တင်သွင်းပမာဏ၏ အဆပေါင်းများစွာ များပြားမည်ဖြစ်သောကြောင့် ဈေးနှုန်းနိမ့်သော ငှက်ပျောသီးများဝင်ရောက်မှုမှာ တရုတ်နိုင်ငံ ပြည်တွင်းထွက်ရှိသော ငှက်ပျောသီးဈေးနှုန်းကိုကျဆင်းစေရန်အတွက် တွန်းအားပေးနိုင်မည်ဖြစ်ကြောင်း သိရပါသည်။ ပြည်တွင်းသစ်သီးစားသုံးမှုထုတ်ကုန်များကို စုံလင်စေရန်နှင့် တရုတ်နိုင်ငံရှိသစ်သီးဈေးနှုန်းများကိုလျှော့ချရန် တရုတ်နိုင်ငံသည် ပြည်တွင်းသစ်သီးဈေးကွက်ကို တဖြည်းဖြည်းဖွင့်လှစ်ပေးခဲ့သောကြောင့် အရှေ့တောင်အာရှသစ်သီးများ တရုတ်နိုင်ငံဈေးကွက်သို့ အများအပြားဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်းသိရပါသည်။

**Source:** https://www.facebook.com/shweliayarnews/

## မွန်ပြည်နယ်တွင် မိုးရွာသွန်းမှုကြောင့် ဆားကြမ်းထုတ်လုပ်မှု တစ်လခန့်နောက်ကျမည်

မွန်ပြည်နယ်တွင် ဇန်နဝါရီပထမပတ်က ရွာသွန်းသည့်မိုးကြောင့် ဆားကွင်းများပျက်စီးပြီး ဆားကြမ်းထုတ်လုပ်မှု တစ်လခန့်နောက်ကျနိုင်သည်ဟု ပြည်နယ်အတွင်းရှိ ဆားလုပ်တောင်သူများကပြောသည်။ ဆားလုပ်ငန်းကို ပုံမှန်အားဖြင့် မိုးအကုန် စက်တင်ဘာလလယ်ခန့်က စတင်ပြင်ဆင်ကာ နိုဝင်ဘာလဆန်းတွင် ပင်လယ်ရေတင်ပြီး နေလှန်းခြင်းကို စတင်လုပ်ကိုင်သည်။ ရာသီအခြေအနေ ကောင်းမွန်ပါက ဒီဇင်ဘာလကုန် ဇန်နဝါရီခန့်တွင် ဆားကြမ်း စတင်ထုတ်လုပ်သော်လည်း မိုးရွာသွန်းသဖြင့် ယခုနှစ်ဆားကြမ်းထုတ်လုပ်မှုကို ဖေဖော်ဝါရီမှသာ စတင်နိုင်မည်ဟု ၎င်းတို့ကပြောသည်။

မိုးရွာလိုက်တော့ ဆားကွင်းတွေ အကုန်ပျက်စီးကုန်ကြောင်း၊ တစ်လလောက်နေမှ ဆားထုတ်လုပ်နိုင်မယ်ဆိုတော့ ဆားထုတ်လုပ်နိုင်ဖို့က တစ်လနောက်ကျသွားနိုင်ကြောင်း ပငဆားလုပ်ငန်းရှင်တစ်ဦးကပြောသည်။ ဆားထွက်ချိန်တွင် ဆားကြမ်းမထုတ်လုပ်နိုင်သေးခြင်း၊ လက်ကျန်ဆားမရှိသလောက် နည်းပါးနေခြင်းတို့ကြောင့် လက်ရှိတွင် ဆားကြမ်းဈေးမြင့်တက်နိုင်သည့် အလားအလာရှိသည်ဟု ဆားလုပ်ငန်းရှင်များကဆိုသည်။

ဆားဈေးက မိုးမရွာခင်က တစ်ပိဿာ ၁၉၀ လောက်ရှိနေတယ်။ အခုက အရောင်းအဝယ်မရှိကြောင်း၊ မရှိဘူးဆိုတာက ဆားမရှိလို့ပါ။ ဆားအသစ်ထွက်တော့မယ်ဆိုတော့ ဆားအဟောင်းတွေ ထုတ်ရောင်းကုန်တော့ ဂိုဒေါင်မှာ ဆားမရှိတော့ကြောင်း၊ ဆားမရှိတော့ ဘယ်သူမှဈေးမဖောက်ဘူး။ ဆားသာရှိနေမယ်ဆိုရင် ဈေးက ၂၀၀ ကျော်ကျော်လောက် ဖြစ်မယ်ထင်ကြောင်း သံဖြူဇရပ်မှ ဆားလုပ်ငန်းရှင်တစ်ဦးကပြောသည်။ မွန်ပြည်နယ်အတွင်း ဆားကွင်းဧက ၅,၀၀၀ ခန့်ရှိသော်လည်း ဧက ၃,၀၀၀ခန့်သာ ဆားကြမ်းထုတ်လုပ်နေသည်ဟု သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်း(မွန်ပြည်နယ်)ရုံးမှသိရသည်။ ၂၀၁၇ ဇွန်လအတွင်းကလည်း မိုးများသဖြင့် မွန်ပြည်နယ်ထွက် ဆားများနှင့်ဆားဂိုဒေါင်များပျက်စီးခဲ့ကြောင်း ဆားထုတ်လုပ်သူများကဆိုသည်။

**Source:** http://www.7daydaily.com/story/147119

## တရုတ်နိုင်ငံနယ်စပ်တွင် လုံခြုံရေးတင်းကျပ်ထား၍ မူဆယ်ပို့ကုန်ပမာဏလျော့ကျ



တရုတ်နိုင်ငံက နယ်စပ်တွင် လုံခြုံရေးတင်းကျပ်ထားခြင်းကြောင့် မူဆယ်နယ်စပ်မှ ပို့ကုန်ပမာဏသည် ယခုဘဏ္ဍာနှစ်သုံးလအတွင်း ကန်ဒေါ်လာသန်း ၅၇၀ ကျော် လျော့နည်းခဲ့သည်။ ၂၀၁၈-၁၉ ဘဏ္ဍာနှစ် သုံးလအတွင်း မူဆယ်နယ်စပ်မှ ပို့ကုန်ပမာဏ ကန်ဒေါ်လာသန်း ၅၀၀ ကျော်သာ တင်ပို့နိုင်သည်။ ၂၀၁၇ ကာလတူ သုံးလအတွင်း ပို့ကုန်ပမာဏ ကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံကျော်တင်ပို့ထားသည်။ ယူနန်အစိုးရက ၂၀၁၈ အောက်တိုဘာ

လဆန်းကစတင်ပြီး နယ်စပ်တွင် လုံခြုံရေးတိုးမြှင့်ချထားခြင်းကြောင့် မြန်မာနိုင်ငံမှ ဆန်၊ ပြောင်းဖူးစေ့၊ သကြားများ ယခင်ကဲ့သို့ တင်ပို့ နိုင်ခြင်းမရှိကြောင်း မူဆယ်မှကုန်သည်အချို့ကပြောသည်။ လက်ရှိတွင် တရုတ်နိုင်ငံသို့ မြန်မာ့ပို့ကုန်များတင်ပို့ရာ၌ အခက်အခဲများဖြင့်လုပ်ဆောင်နေရခြင်းကြောင့် ပို့ကုန်ဈေးနှုန်းများလည်း လျော့ပြီး ရရှိသည်ဟု ၎င်းတို့ကပြောသည်။ မူဆယ်မှ တရုတ်နိုင်ငံသို့ ဆန်၊ ပြောင်းဖူးစေ့၊ သကြားတို့ တင်ပို့ရာတွင် နှစ်နိုင်ငံအကြား သယ်ယူပို့ဆောင်စရိတ် ငါးဆခန့်မြင့်တက်ခြင်းကြောင့် ကုန်ပစ္စည်း ဝယ်ယူသည့်ဈေးနှုန်းကို တရုတ်ကုန်သည်များက လျှော့ချဝယ်ယူသည်ဟုဆိုသည်။ မြန်မာ-တရုတ်နယ်စပ် ကုန်သွယ်ရေး၌ ရှမ်းပြည်မြောက်ပိုင်း မူဆယ်၊ ချင်းရွှေဟော်၊ ကချင်ပြည်နယ်တွင် လွယ်ဂျယ်၊ ကန်ပိုက်တီးဟူသည့် နယ်စပ်လမ်းကြောင်းလေးခုရှိပြီး ယင်းတွင် မူဆယ်- ရွှေလီ နယ်စပ်ကုန်သွယ်ရေးက ကုန်သွယ်မှုပမာဏအများဆုံးဖြစ်သည်။

**Source:** http://www.7daydaily.com/story/147030

## STOCK EXCHANGE (11.1.2019)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 11th Jan. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,900 | +0 | +0.00% | 9,900 | 9,900 | 9,700 | 742 | 7,261,800 | 27,112,747 | 268,416 |
| MTSH | 00002 | 2,950 | -50 | -1.67% | 2,950 | 2,950 | 2,950 | 4,535 | 13,378,250 | 38,929,150 | 114,841 |
| MCB | 00003 | 7,000 | +0 | +0.00% | 7,000 | 7,000 | 7,000 | 0 | 0 | 10,400,986 | 72,807 |
| FPB | 00004 | 22,500 | +0 | +0.00% | 22,500 | 22,500 | 22,500 | 36 | 810,000 | 2,472,053 | 55,621 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 954 | 2,623,500 | 12,212,906 | 33,585 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 399.40 | -1.42 | -0.35% | 399.40 | 399.40 | 399.40 | 6,267 | 24,073,550 | 5 | 545,270 |

**Index chart**





## Market Overview

As of 1:00 pm, 11th Jan. 2019

| MYANPIX | 399.40 |
|---|---|
| | ▼ 1.42 |
| Total Volume (shares) | 6,267 |
| Total Value (MMK) | 24 mil |
| Listed Company | 5 |
| Market Cap. (MMK) | 545,270 mil |

MYANPIX




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,900 | ▲ 0 |
| MTSH | 00002 | 2,950 | ▼ 50 |
| MCB | 00003 | 7,000 | ▲ 0 |
| FPB | 00004 | 22,500 | ▲ 0 |
| TMH | 00005 | 2,750 | ▲ 0 |